Max Myanmar Group

# Newsletter

May 2020 Edition



## COVID-19 ကာကွယ်ကုသရေးအတွက် ဘက်ပေါင်းစုံမှ ကူညီဆောင်ရွက်ပေးလျက်ရှိ

စာ – ၃၊ ၄၊ ၅၊ ၆၊ ၈၊ ၉၊ ၁၀













## COVID-19 ကာကွယ်ကုသရေး ဘက်ပေါင်းစုံမှ ကူညီဆောင်ရွက်ပေး

စာ – ၃၊ ၄၊ ၅၊ ၆၊ ၈၊ ၉၊ ၁၀

ခတ္တာနှင့် ထာဝရ – ဦးဇော်ဇော် ၇
တစ်လတာ မက်စ်မြန်မာ သတင်းဖွယ်ဖွယ်ရာရာ ၁၁၊ ၁၇၊ ၁၈၊ ၁၉
အမှတ်တရ (၂) – သံဗျင်ဦး ၁၂၊ ၁၃၊ ၁၄၊ ၁၅
Sudoku Games ၁၆
ကျေးဇူးတင်စကား ပြောကြားသည်ဆိုရာဝယ် – ဉာဏ်တိုး (Group HR) ၂၀၊ ၂၁
အခြားသတင်းများ ၂၂
Football News ၂၃
Health Care ၂၄




# Covid-19ဓာတ်ခွဲနမူနာ ဘေးကင်းလုံခြုံစွာ ရယူနိုင်ရန် Protective Chamberများလှူဒါန်း

ရန်ကုန်၊ ဧပြီ ၂၃

နိုင်ငံအနှံ့အပြား ပြည်သူ့ဆေးရုံများရှိ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် Covid-19ဓာတ်ခွဲနမူနာများဘေးကင်းလုံခြုံစွာရယူနိုင်ရန်ရည်ရွယ်၍ ဦးဇော်ဇော်နှင့်မိသားစု၊ ဧရာဝတီဖောင်ဒေးရှင်းအမှုဆောင် ပါမောက္ခဒေါက်တာဇော်ဝေစိုးတို့သည် ငွေကျပ်သိန်း(၃၀၀)တန်ဖိုးရှိ Protective Chamberအလုံး(၅၀)ကို ဆေးတက္ကသိုလ်(၁)၊ ဒုတိယပါမောက္ခချုပ် ပါမောက္ခဒေါက်တာမြင့်မြင့်ငြိမ်း၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်တို့ထံသို့ ဧပြီလ ၂၄ရက်နေ့ နံနက်ပိုင်းက ပေးအပ်လှူဒါန်းခဲ့သည်။







အဆိုပါ Protective Chamberများကို မြန်မာနိုင်ငံအလှူမီနီယမ်အသင်း(MGAA)မှ အကျိုးအမြတ်လုံးဝမယူဘဲ အလျင်မြန်ဆုံးပြီးစီးစေရန် အားတက်သရော ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ခြင်းအတွက် ဧရာဝတီဖောင်ဒေးရှင်းမှ အထူးပင်ကျေးဇူးတင်ရှိပါသည်။







# ဝေဘာဂီအထူးကုဆေးရုံကြီးရှိ ဆရာဝန်၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများကို လစာတစ်လစာလှူဒါန်း

ရန်ကုန်၊ မေ ၂၂

Covid-19ကာကွယ်၊ ကုသ၊ ထိန်းချုပ်နိုင်ရေးရှေ့တန်းမှ ရှပ်ရှပ်ခြုံခြုံ တာဝန်ထမ်းလျက်ရှိသောဝေဘာဂီအထူးကုဆေးရုံကြီးမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများကို ဂုဏ်ယူလေးစား ကျေးဇူးတင်စွာဖြင့် ရောဝတီဖောင်ဒေးရှင်းမှ ဧပြီလအတွက် လုပ်ခလစာတစ်လစာ ချီးမြှင့်လှူဒါန်းခဲ့ပါသည်။ ရောဝတီဖောင်ဒေးရှင်းမှတာဝန်ရှိသူများသည် ဧပြီလ (၂၁)ရက်နေ့တွင် ဝေဘာဂီအထူးကုဆေးရုံကြီးမှ ပါမောက္ခဒေါက်တာစံပယ်ဖြူ၊ ဆေးရုံအုပ်ကြီးဒေါက်တာအေးအေးအောင်တို့နှင့် တွေ့ဆုံဆွေးနွေးကာ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ အခြားကျန်းမာရေးဝန်ထမ်းများ၊ အထွေထွေဝန်ထမ်း စုစုပေါင်း (၂၂၇)ဦးအတွက် ငွေကျပ် (၃၇၅)သိန်းကို ပေးအပ်ချီးမြှင့်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

## သားဖွားဆရာမမိသားစုအား စာနာပံ့ပိုးငွေပေးအပ်



မေ ၇ ။ ။ ရောဝတီတိုင်းဒေသကြီး၊ မယ်ဇလီကုန်းတိုက်နယ်ဆေးရုံရှိ Quarantine Centerဌ်တာဝန်ထမ်းဆောင်ရန် ဆိုင်ကယ်မောင်းနှင်လာစဉ် မတော်တဆတိမ်းမှောက်မှုဖြင့်ဆုံးပါးသွားသော သားဖွားဆရာမဒေါ်တင်ရီ၏ကျန်ရစ်သူမိသားစုများကို ရောဝတီဖောင်ဒေးရှင်းမှတွေ့ဆုံအားပေးကာ စာနာပံ့ပိုးငွေ ကျပ်သိန်း(၃၀)ကို ပေးအပ်ခဲ့ပါသည်။










# လိုအပ်နေသူများအတွက် ဧရာဝတီဖောင်ဒေးရှင်းမှ ဆန်အိတ် စုစုပေါင်း (၁၇, ၅၀၀) လှူဒါန်းပေးခဲ့

ရန်ကုန်၊ မေ ၁၀

ဧရာဝတီဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးဇော်ဇော်နှင့်ဘုတ်အဖွဲ့ဝင်များ၏ဆွေးနွေးတိုင်ပင်မှုဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ Covid-19ကြောင့် လိုအပ်သည့်နေရာဒေသများတွင် အသုံးပြုနိုင်ရန်အတွက် ကျပ်သိန်း (၄၀၀၀)ကျော် တန်ဖိုးရှိ ဆန်အိတ်ရေ (၁၅,၀၀၀)ကို လှူဒါန်းပေးရန် ရည်မှန်းဆောင်ရွက်လျက်ရှိရာ ဧပြီလ (၆) ရက်နေ့မှ (၉)ရက်နေ့အထိ (၄)ရက်တာကာလအတွင်း ရန်ကုန်၊ ဧရာဝတီ၊ တနင်္သာရီ၊ မန္တလေး၊ စစ်ကိုင်း၊ မကွေးတိုင်းဒေသကြီးများနှင့် မွန်၊ ကရင်၊ ချင်း၊ ကချင်၊ ရှမ်း၊ ကယား ပြည်နယ်များမှ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့အသီးသီးနှင့် ရေကြည်၊ ငသိုင်းချောင်း၊ အသုတ်ဒေသများသို့ ဆန်အိတ်ရေ စုစုပေါင်း(၁၇,၅၀၀)ကို တရားဝင်ပေးအပ်လှူဒါန်းခဲ့ပြီးဖြစ်ပါသည်။

## ကလေး၊ တီးတိန်ဆေးရုံများသို့ လှူဒါန်းမှုပြုလုပ်

ရန်ကုန်၊ မေ ၂၄ ။ ။ ဧရာဝတီဖောင်ဒေးရှင်းသည် ကလေးနှင့် တီးတိန်မှ Covid-19ကုသမှုခံယူနေသော လူနာများအသုံးပြုနိုင်ရန် သက်ဆိုင်ရာဆေးရုံအုပ်ကြီးများ၊ တာဝန်ခံများနှင့်ဆွေးနွေးတိုင်ပင်၍ ငွေကျပ်သိန်း(၃၀၀)တန်ဖိုးရှိ ကာကွယ်ကုသရေးပစ္စည်းများကို ဧပြီလ (၂၃)နှင့် (၂၄)နေ့တို့တွင် အရောက်ပို့ဆောင်လှူဒါန်းခဲ့ပါသည်။













# တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးသို့

# ဆန်အိတ်များ လှူဒါန်းခဲ့











# ခဏတာနှင့် ထာဝရ

ခဏတာ ရှင်သန်ရချိန်လေးမှာ
ခဏတာ ကြွယ်ဝချမ်းသာမှု
ခဏတာ အခွင့်အာဏာရှိမှု
ခဏတာ အသားအရောင်မတူညီမှု
ခဏတာ လူမျိုး၊ ဘာသာကွဲလွဲမှု
ခဏတာ အယူအဆကွဲပြားမှုတွေကို
ခဏတာ မေ့ထားပြီး
ခဏတာ သည်းခံကြရင်း
ခဏတာ အနစ်နာခံကြရင်း
ခဏတာ ပေးဆပ်ကြရင်း
ခဏတာ ကပ်ဆိုးကြီးကို
ထာဝရမေတ္တာတရားနှင့်
အနိုင်ယူကျော်လွှားကြပါစို့ ...

မေတ္တာဖြင့်

ဦးဇော်ဇော်
ဧပြီ ၁၅၊ ၂၀၂၀







# အသက်၆၀နှစ်အထက် လက်ရွေးစင်ဟောင်းများနှင့် ဒိုင်လူကြီးဟောင်းများအား ရောဝတီဖောင်ဒေးရှင်းမှ ဆန်နှင့်ထောက်ပံ့ငွေ ကျပ်(၁)သိန်းစီ လှူဒါန်း

ရန်ကုန်၊ မေ ၄

Stay At Home နေထိုင်လျက်ရှိကြသည့် အသက် ၆၀နှစ်အထက် မြန်မာ့လက်ရွေးစင်ကစားသမားဟောင်းများနှင့် ဒိုင်လူကြီးဟောင်းများ နေထိုင်စားသောက်မှု အဆင်ပြေစေရေးအတွက် တစ်ဦးလျှင် 5KG ဆန်(၂)အိတ်စီနှင့် ငွေကျပ်(၁)သိန်းစီအား ရောဝတီဖောင်ဒေးရှင်းက ပေးအပ်လှူဒါန်းခြင်းကို မေလ ၄ရက်နေ့ မွန်းလွဲ(၁)နာရီက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တွင် ကျင်းပခဲ့သည်။

လှူဒါန်းပွဲသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဦးဇော်ဇော်နှင့်မက်စ်မြန်မာ၊ ရောဝတီဖောင်ဒေးရှင်းတို့မှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူများ၊ မြန်မာ့လက်ရွေးစင်ဟောင်းများအသင်းဥက္ကဋ္ဌဦးသန်းတိုးအောင်နှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး လက်ရွေးစင်ကစားသမားဟောင်းများ၊ ဒိုင်လူကြီးဟောင်းများ၊ စုစုပေါင်း(၁၇၀)ဝန်းကျင်အတွက် ပေးအပ်လှူဒါန်းခဲ့ကြသည်။ အခမ်းအနားသို့မတက်ရောက်နိုင်သူများအတွက် မြန်မာ့လက်ရွေးစင်ဟောင်းများအသင်း၏အစီအစဉ်ဖြင့် နေအိမ်များသို့ အိမ်အရောက်ပေးပို့လှူဒါန်းခဲ့ကြသည်။












# COVID-19ကုသရေးကြိုးပမ်းနေသော ကျန်းမာရေးဝန်ထမ်းများကို ဧရာဝတီဖောင်ဒေးရှင်းထပ်မံဂုဏ်ပြု

ရန်ကုန်၊ ဧပြီ ၃၀

Covid-19စတင်ချိန်မှစ၍ ကာကွယ်ရေးနှင့်ကုသရေးလုပ်ငန်းများအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံကာ တာဝန်ထမ်းဆောင်လျက်ရှိကြသော ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဓာတ်ခွဲနမူနာ(Swab Test)ရယူပေးသောဓာတ်ခွဲမှူး(Laboratory Technician)များအတွက် ငွေကျပ်သိန်း(၁၀၀)နှင့် ဓာတ်ခွဲစစ်ဆေးမှုများကို နေ့ညမရွေး အပင်ပန်းခံကာ စစ်ဆေးပေးလျက်ရှိသော အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန(NHL)မှ ဝန်ထမ်းများအတွက် ငွေကျပ်သိန်း(၁၀၀)နှင့် ဝေဘာဂီအထူးကုဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေရသော Covid-19ကူးစက်ခံထားရသည့် ကျန်းမာရေးဝန်ထမ်းများကိုစောင့်ရှောက်ကုသရာတွင် အသုံးပြုနိုင်ရန်အတွက် ငွေကျပ် သိန်း(၅၀)တို့ကို ဧရာဝတီဖောင်ဒေးရှင်းမှ ဂုဏ်ယူလေးစားစွာဖြင့်ပေးအပ်ချီးမြှင့်ခဲ့သည်။





ထို့အတူ Covid-19 ကူးစက်ခံထားရသူများကို အင်တိုက်အားတိုက်ကုသပေးလျက်ရှိသော တောင်ဥက္ကလာပဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်းများအတွက် ငွေကျပ်သိန်း (၁၀၀)၊ ပြည့်စုံမှုမရှိသည့်ကြားမှ ကိုယ်ကျိုးစွန့် အနစ်နာခံကာ Covid-19ကူးစက်ခံထားရသူများကို စောင့်ရှောက်ကုသပေးလျက်ရှိသော ကလေးမြို့တိုင်းရင်းဆေးရုံကြီးနှင့် တီးတိန် ပြည်သူ့ဆေးရုံတို့မှ ဆရာဝန်၊ ဆရာမများအတွက် ငွေကျပ်သိန်း(၁၀၀)နှင့် Covid-19ကြောင့်ဆုံးပါးခဲ့ရသော ပေါက်ခေါင်းမြို့နယ်၊ ဒု-အုပ်ချုပ်ရေးမှူးဦးနော်ထွယ်၏ မိသားစုအတွက် စာနာပံ့ပိုးငွေသိန်း(၅၀)၊ စုစုပေါင်း ကျပ်သိန်း(၅၀၀)ကို ပေးအပ်ချီးမြှင့်ခဲ့ပါသည်။




## Covid-19ကုသပေးနေသော တောင်ဥက္ကလာပနှင့်ဝေဘာဂီ ဆေးရုံများသို့ လိုအပ်ချက်များ ထပ်မံဖြည့်စွက် လှူဒါန်းပေးခဲ့

ရန်ကုန်၊ ဧပြီ ၁၉

ဧရာဝတီဖောင်ဒေးရှင်း အမှုဆောင် ပါမောက္ခဒေါက်တာဇော်ဝေစိုးနှင့်တာဝန်ရှိသူများသည် ဧပြီလ(၁၇)ရက်နေ့က တောင်ဥက္ကလာပအထူးကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမော်ဦးနှင့် ဆရာဝန်ကြီးများကို သွားရောက်တွေ့ဆုံဆွေးနွေးကာ လိုအပ်သည့်နေရာများတွင် အသုံးပြုနိုင်ရန် ငွေကျပ်သိန်း (၃၀၀)နှင့်ဖောင်ဒေးရှင်းအစီအစဉ်ဖြင့် နိုမိုတယ်ရန်ကုန်မက်စ်မှ အစားအသောက်များ နေ့စဉ်ပေးပို့နိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

ထို့အတူ ဝေဘာဂီအထူးကုဆေးရုံကြီးသို့ လိုအပ်သည်များ ထပ်မံဖြည့်ဆည်းနိုင်ရန် ငွေကျပ်သိန်း (၂၀၀) လှူဒါန်းခဲ့ပါသည်။ ဧရာဝတီဖောင်ဒေးရှင်းသည် ဝေဘာဂီအထူးကုဆေးရုံကြီးသို့ COVID-19ကာကွယ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်စဉ်က ငွေကျပ်သိန်း(၅၀၀) လှူဒါန်းခဲ့ပြီးဖြစ်ပါသည်။



## Covid-19စောင့်ကြပ်ကြည့်ရှု ခံယူနေသူများနှင့် ဝန်ထမ်းများ အတွက် အစားအသောက်များ ဆက်လက်လှူဒါန်း

ရန်ကုန်၊ ဧပြီ ၁၇

ဧရာဝတီဖောင်ဒေးရှင်းသည် COVID-19 စောင့်ကြပ်ကြည့်ရှုခံယူနေသူများနှင့်ဝန်ထမ်းများအတွက် မတ်လ (၂၃)ရက်နေ့မှစတင်၍ အစားအသောက်များ စဉ်ဆက်မပြတ်လှူဒါန်းပေးခဲ့သည်။ လျှောင်းတော်ဦးဘုန်းတော်ကြီးကျောင်း၊ အောင်အကယ်ဒမီ၊ သဲအင်းဂူ၊ သိမ်ဖြူ၊ တောင်ဥက္ကလာပ ဆေးရုံ၊ ပုလဲကွန်ဒိုတို့မှ စောင့်ကြပ်ကြည့်ရှုခံယူနေသူများ၊ Volunteerများအတွက် Max Hotels Group၊ နိုမိုတယ်ဟိုတယ်တို့နှင့် ပူးပေါင်း၍လိုအပ်သလို အစားအသောက်များ ပေးပို့လှူဒါန်းခဲ့ပါသည်။

ထို့အတူ နေရေးထိုင်ရေး အခက်ကြုံနေသော ဝေဘာဂီဆေးရုံမှကျန်းမာရေးဝန်ထမ်းများ၊ Volunteerများကို ဧရာဝတီဘဏ် သင်တန်းကျောင်းတွင်ထားရှိကာ နေထိုင်စားသောက်သွားလာရေးနှင့် အခြား လိုအပ်သည်များ ပံ့ပိုးပေးလျက်ရှိသည်။





# စည်းမျဉ်းစည်းကမ်းများနှင့်အညီ မက်စ်ဘီလပ်မြေ စက်ရုံ ဆက်လက်လည်ပတ်လျက်ရှိ

ရန်ကုန်၊ ဧပြီ ၃၀

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မြို့နယ်သီးသီးမှ တာဝန်ရှိသူများပူးပေါင်း၍ Coronavirus Disease 2019(COVID-19)ကာကွယ်၊ ထိန်းချုပ်ရေး၊ စက်ရုံ၊ အလုပ်ရုံများနှင့် လုပ်ငန်းခွင်များတွင် ဆောင်ရွက်ထားရမည့်အချက်များ စစ်ဆေးခြင်းကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၀ ခုနှစ် ဧပြီလ ၂၆ရက်နေ့တွင် တောင်ဖီလာ ဒေသတွင်တည်ရှိသည့် မက်စ်ဘီလပ်မြေ စက်ရုံသို့ လာရောက်စစ်ဆေးခဲ့ပါသည်။

လယ်ဝေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးမျိုးဇော်ဦးနှင့် ကောင်စီဝင် ဦးညီထွန်း ဦးဆောင်ပါဝင်သည့် စစ်ဆေးရေးအဖွဲ့သည် မက်စ်ဘီလပ်မြေစက်ရုံမှဝန်ထမ်းများနှင့်စက်ရုံအတွင်းတာဝန်ထမ်းဆောင်နေကြသည့်အလုပ်သမားများအတွက် ဆောင်ရွက်ထားမှုများကို အသေးစိတ် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စက်ရုံကို ဆက်လက်လည်ပတ်ခွင့် လက်မှတ်ပေးအပ်ခဲ့ပါသည်။

## Quarantineဝင်သူများအတွက် ထောက်ပံ့ပေး



ရန်ကုန်၊ ဧပြီ ၂၈ ။ ။ မက်စ်ဘီလပ်မြေမှ စက်ရုံမှူးဦးနောင်နောင်အေးနှင့်တာဝန်ရှိပုဂ္ဂိုလ်များသည် နေပြည်တော် လယ်ဝေး အထက (၂)တွင် Quarantine ဝင်ရောက်နေသူများအတွက် အလှူငွေကျပ်(၁၀)သိန်းကို ဧပြီလ(၂၇)ရက်နေ့က သွားရောက်လှူဒါန်းခဲ့ကြပါသည်။

# အမှတ်တရ (၂)

သံမျှင်ဦး

*(ယခင်လမှအဆက်)*

ခရီးအများဆုံးထွက်ရတဲ့နှစ်ဟာ ၂၀၁၀ ခုနှစ်က စလို့ပဲဖြစ်ပါတော့တယ်။ ဘဏ်တွေဖွင့်ဖို့ လိုင်စင်ကျပြီး သိပ်မကြာခင်ကာလမှာ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ မိတ္ထီလာ၊ မုံရွာ၊ တောင်ကြီးတို့နဲ့ စတင်တာထွက်ရပါတော့တယ်။ ပထမဆုံးမှတ်မှတ်ရရ မန္တလေးကို CEဦးဝင်းနဲ့ အတူ အဝေးပြေးမှန်လုံယာဉ်နဲ့ ခရီးစတင်ထွက်ခဲ့ရပါတယ်။ အဲဒီခရီးစဉ်ကစလို့ MDတို့ နေရာ အသစ်ငှားလိုက်ပြီဆိုတိုင်း၊ ဝယ်လိုက်ပြီဆိုတိုင်း တည်ဆောက်ရေးအကြို ဒီဇိုင်းပုံစံထုတ်ဖို့အတွက် ဝယ်/ငှားနေရာတိုင်းကို ကျွန်တော်တို့အဖွဲ့ ဆက်လက်ချီတက်ရပါတယ်။ အဲဒီခရီးစဉ်တွေထဲမှာ မော်လမြိုင်၊ မြဝတီခရီးစဉ်က အမှတ်တရ ရှိလှပါတယ်။ အဲဒီအချိန်က မြဝတီကိုသွားရင် 'စုံ'ရက်၊ 'မ'ရက်တစ်ရက်စီပဲ အတက်၊ အဆင်း လုပ်လို့ရပါတယ်။ လမ်းသစ်မပြီးခင်ထိ ကော့ကရိတ်မြို့ကနေ ဒေါနတောင်တန်းကို ဖြတ်ပြီး ၂နာရီကျော်၊ ၃နာရီနီးပါး ကားစီးခဲ့ရပါတယ်။ နယ်မြေအခြေအနေကလည်း အစိမ်းရောင်ကားတန်းနဲ့ ခပ်ခွာခွာလိုက်ရတဲ့ အခြေအနေပါ။ တစ်ခါမှမရောက်သေးတဲ့ မြဝတီ ခရီးစဉ်ကို မော်လမြိုင်ကတစ်ဆင့်သွားရပါတယ်။ မော်လမြိုင်ကမ်းနားလမ်းဘဏ်အတွက် Renovationလုပ်ဖို့ အကြိုတိုင်းတာခြင်း၊ ရေ၊ မီးရရှိဖို့ Dataကောက်ဖို့အတွက် MEPမှ အင်/ယာအသစ်ကိုထွင်ရှ၊ ယာဉ်မောင်းဦးမောင် တို့နဲ့ မော်လမြိုင်ကို အရင်ချီတက်ရပါတယ်။

အတ္တရံမြစ်ကမ်း၊ သံလွင်တံတားအလှတို့နဲ့ ပနာရတဲ့ အတ္တရံဟိုတယ်ဘန်ဂလိုတန်းလေးတွေမှာ တည်းဖြစ်ခဲ့ပါတယ်။ မွန်ပြည်နယ်ရဲ့မြို့တော် ပီပီ မော်လမြိုင်မြို့ဟာ အလွန်စည်ကားလှပါတယ်။



ဘဏ်တည်နေရာဖြစ်တဲ့ ကမ်းနားလမ်းမှာ ၃ထပ်တိုက်အဆောက်အဦးခပ်လတ်လတ်ကို တွေ့ရှိရပါတယ်။ အတိုင်းအတာတွေတိုင်းတာဖို့ တစ်ထပ်ချင်းတက်ရောက်ခဲ့ရပါတယ်။ မျက်နှာဝ ပေ(၃၀)အကျယ်၊ နောက်ဘက် ပေ(၆၀)အရှည်နဲ့ ၃ထပ်အဆောက်အဦးက အတော်ကျယ်ဝန်းလှပါတယ်။ Designerကိုစည်သူကတော့ မအားသေးလို့ နောက်တစ်ပတ်မှ သူ့အစီအစဉ်နဲ့သူ လာကြည့်မယ်လို့ ပြောထားပါတယ်။ အောက်ထပ် Banking Hall၊ ငွေတိုက်ခန်း၊ ပထမထပ်ရုံးခန်းနဲ့ အပေါ်ဆုံးထပ်မန်နေဂျာအတွက် အိပ်ခန်းဆိုပြီး လုပ်ငန်းအတွေ့အကြုံအရ ကြိုတင်ဆရာကြီး လုပ်နေမိပါတယ်။ ဒါကလည်း ဘဏ်ဘက်ခြမ်းက GMကြီးဦးကိုဦးတို့၊ အစ်မခင်သီတာတို့ ဆွေးနွေးထားတဲ့အတိုင်း ဘဏ်လိုအပ်ချက်တွေကို Designerကို ပြောပေးရုံသက်သက်ပါ။ အဲဒီအချိန်တုန်းက ကျွန်တော်က Project Manager ဆိုပေမယ့် Designerတွေနဲ့ Coordination ကိုလည်း Coordinatorအနေနဲ့ပါ လုပ်ဆောင်ပေးခဲ့ရပါတယ်။ Archi၊ Structureအဓိကဖြစ်ပါတယ်။ MEPပိုင်းကတော့ ဆရာဦးအောင်သိန်း၊ ဆရာဦးဆလိုင်းတို့ရှိနေတဲ့အတွက် ဆရာတို့ကပဲ စီစဉ်ပေးပါတယ်။ ဘဏ်စီမံကိန်းစတဲ့အချိန်မှာ မမာလာရယ်၊ ကျွန်တော်ရယ် နှစ်ယောက်ပဲရှိခဲ့ပါတယ်။ ဖွဲ့စည်းပုံအကြီးကြီးနဲ့ မလုပ်နိုင်သေးတဲ့အချိန်မှာ လူနည်းနည်းနဲ့ပဲ ကြဲခဲ့ရပါတယ်။ တချို့နေရာကို ကျွန်တော်တို့နှစ်ယောက်လုံး ရောက်ဖြစ်သလို ကျွန်တော်မရောက်တဲ့နေရာတွေကို မမာလာက သွားပေးခဲ့ပါတယ်။ စီစဉ်နေဆဲကာလတွေမှာပဲ အောင်ပန်း၊ မူဆယ်၊ တာချီလိတ်၊ ကလေး၊




မြိတ်၊ ထားဝယ်၊ ပဲခူး၊ ပျဉ်းမနား၊ တောင်ငူ၊ ပြည် စသဖြင့် နေရာတွေအစုံဖြစ်လာခဲ့ပါတယ်။ ဘဏ်ဆောက်တဲ့အဖွဲ့ဆိုရင် အစပိုင်းထဲကပါဝင်ခဲ့တဲ့ Site Engineer မအေးသက်၊ မမြတ်နွယ်၊ ကိုထင်အောင်၊ ကိုကျော်ညွန့်၊ ကိုသက်ဖြိုး၊ ဦးစော စတဲ့အင်ယာ(၆)ဦးနဲ့ ပြေးလွှားလုပ်ကိုင်ခဲ့ကြပါတယ်။ မုံရွာဘဏ်ကိုလုပ်ပေးဖို့ နယ်ကို ပထမဆုံးစေလွှတ်ခံရတဲ့ အငယ်ဆုံး အင်/ယာမောင်လှဘုန်းကို မော်လမြိုင်ဘဏ်ကို မုံရွာဘဏ်အပြီး ဆက်တာဝန်ပေးခဲ့ပါတယ်။ စတိုအနေနဲ့အေမီတို့ပါ မော်လမြိုင်ပြောင်းရွှေ့ခဲ့ရပါတယ်။ ၂၀၁၁ ဖေဖော်ဝါရီလ မုံရွာဘဏ်ဖွင့်အပြီး မော်လမြိုင်ဘဏ်ကို ၃လခွဲနဲ့ အပြီးတည်ဆောက်ရပါတယ်။

ယခင် Renovation Designတွေက Aluminium Compositeကာလာချပ်တွေနဲ့ အိမ်အဟောင်းပုံစံကိုဖျောက်ပြီး Compositeတွေ အုပ်ပစ်လိုက်တဲ့ဒီဇိုင်းကို အစပိုင်းမှာ အသုံးပြုဖြစ်

ခဲ့ပါတယ်။ ဘဏ်ရဲ့လိုချင်တဲ့ Logo၊ ကာလာအရောင်တွေနဲ့ ညှိနှိုင်းရွေးချယ်ခဲ့ရတာပါ။ မုံရွာဘဏ်တည်ဆောက်ရေးမပြီးခင်မှာ ခွင့်ပြုချက်ကြိုတင်ထားတဲ့အတွက် မုံရွာဘဏ်ပြီးလို့လုပ်ငန်းစမယ့်အချိန်မှာ ခွင့်ပြုချက်ကျထားပြီမို့ အချိန်ကိုက်ဖြစ်သွားခဲ့ရပါတယ်။ တစ်ခါတစ်လေ ခွင့်ပြုချက်နောက်ကျခဲ့လို့ စောင့်ခဲ့ရတာတွေလည်းရှိပါတယ်။ Design၊ ခွင့်ပြုချက်ပါမစ်၊ ကန်ထရိုက်၊ procurementနဲ့ ငွေတိုက်တံခါး(Vault Door)တွေကို အချိန်မီ ဟန်ချက်ညီညီဖြစ်ဖို့ planing ဆွဲပြီး MDထံ တင်ပြရပါတယ်။ planingဆွဲ၊ designနဲ့ညှိ၊ Budject Estimateတွက်၊ ဘဏ်ဘက်နဲ့ညှိနှိုင်း၊ အစအဆုံး မမာလာနဲ့အတူ ပြင်ဆင်လုပ်ဆောင်ရပါတယ်။


မြဝတီဘဏ်တည်ဆောက်ရေးကလည်း မော်လမြိုင်ထက် အနည်းငယ်ပဲနောက်ကျပြီး ဦးစောတို့နဲ့လုပ်ဆောင်နေဆဲမို့ မော်လမြိုင်၊ မြဝတီဘက်ကို ၃ကြိမ်ထက်မနည်းရောက်ဖြစ်




ခဲ့ပါတယ်။ ရန်ကုန်ကစထွက်ပြီး မော်လမြိုင်တိုက်ရိုက်သွား၊ Siteစစ်ဆေးညှိနှိုင်းဆွေးနွေးပြီး တစ်ညအိပ်ပြီး နောက်ရက်မှာ မြဝတီခရီးဆက်၊ မြဝတီမှာ တစ်ညအိပ်ပြီး နောက်နေ့ရန်ကုန်ပြန်ဆင်း၊ တစ်ခါသွား ၃ရက် ခရီးနဲ့ခရီးနှင်ရပါတယ်။

မော်လမြိုင်အဆောက်အဦးက အနောက်ဘက် မြစ်ကမ်းနားကို မျက်နှာမူထားပြီး အမိုးပိုင်းတွေ၊ ဝရန်တာတွေ အဓိကထား စစ်ဆေးရပါတယ်။ မိုးများတဲ့နေရာဒေသဖြစ်လို့ Compositeအောက်မှာ Plain Sheetခံပြီး ဆက်မယ့်၊ အချိုးချိုးမယ့်နေရာတွေမှာ အသုံးပြုခဲ့ပါတယ်။ Aluminium Compositeလုပ်ငန်းကန်ထရိုက်ရထားတဲ့သူကိုယ်တိုင် ဝင်ရောက်ကြီးကြပ်လုပ်ကိုင်ပေးပါတယ်။ ညှိနှိုင်းလို့ လိုအပ်သမျှကို အချိန်မီ ဖြည့်ဆည်းဆောင်ရွက်စေခဲ့ပါတယ်။ ရန်ကုန်မှာရှိနေစဉ်အချိန်မှာလည်း Site အင်/ယာမောင်လှဘုန်းနဲ့ချိတ်ဆက်ပြီး Progress Reportတွေ၊ Schedule Comparison တွေနဲ့ Monitor လုပ်ပေးခဲ့ရပါတယ်။ လိုအပ်တာ ဖုန်းနဲ့ပြော ညွှန်ကြားလုပ်ဆောင်ခဲ့ရပါတယ်။

ဘဏ်ဖွင့်ပွဲ ဇွန်၂၀၁၁ထဲမှာလုပ်မယ်၊ MD ကိုယ်တိုင်တက်မယ်ဆိုလို့ ကျွန်တော်နဲ့ကိုထွန်းဖွင့်ပွဲကို MDနဲ့လိုက်ပါခဲ့ပါတယ်။ မော်လမြိုင်အသွားမှာ ပဲခူးဘဏ်နေရာဝင်ကြည့်တာကတစ်ကြောင်း၊ တစ်လမ်းလုံးမိုးရွာနေတာကတစ်ကြောင်း ရန်ကုန်ကထွက်ချိန် နောက်ကျတာတွေကြောင့် မော်လမြိုင်ကို ည ၇နာရီကျော်မှရောက်ရှိခဲ့ပါတယ်။ ဘဏ်ထဲ MDစဝင်ကတည်းက တစ်ခုချင်းကို တောက်လျှောက် စာမေးပွဲစစ်



ပါတော့တယ်။ ဒီကြွေပြား ဘယ်လောက်ကျလဲ၊ Aluminium I SET ဘယ်ဈေးလဲ၊ Tempred Glassကရော၊ Composite Wallတွေကရော၊ Vaultတံခါးတန်ဖိုးကရော၊ Material က ဘယ်ဈေးလဲ၊ U-Bowဘယ်လောက်ကျလဲ စသဖြင့် တစ်ခုချင်း Detailမေးပါတော့တယ်။ ကျွန်တော်ကလည်း ကံကောင်းထောက်မစွာနဲ့ပဲ အကုန်ပြန်ဖြေနိုင်ခဲ့ပါတယ်။ Total ကုန်ကျစရိတ်ကို မေးလို့ သိန်း....စသဖြင့် ငွေပမာဏကို ကျွန်တော် ပြောပြခဲ့ရပါတယ်။ ဘဏ်ဘက်က လူကြီးတွေလည်းပါလို့ သူတို့ကတောင် ကျွန်တော်ပြောတဲ့ ငွေစာရင်းကိုမှတ်လိုက်ပြီး အဲဒီအတိုင်းပေးမှာလို့ ကျီစယ်ကြပါတယ်။ Civilကုန်ကျစရိတ်၊ MEP ကုန်ကျစရိတ်တွေ အစအဆုံးမေးအပြီး ၃ထပ်လုံး ပတ်ကြည့်ပြီးမှ ကျွန်တော်တို့နဲ့အတူ ညစာကို MDစားသောက်ခဲ့ပါတယ်။ ညစာစားပြီးချိန်မှာ ည ၉နာရီခွဲနေပါပြီ။ နောက်ရက် မနက် ၈နာရီ၁၀မိနစ် ဘဏ်ဖွင့်ပွဲအခမ်းအနားအပြီးမှာ ကျွန်တော်တို့က MDနဲ့အတူ မော်လမြိုင်က ပြန်ထွက်လာခဲ့ပါတယ်။ အပြန်မှာ ဘီးလင်းရွှေရောင်ပြရာဘာခြံမှာ နေ့လယ်စာ စားခဲ့ပါတယ်။

တောလမ်းလေးအတိုင်း လမ်းလျှောက်ပြီး ဘန်ဂလိုလေးအရောက်မှာ ဦးသက်စီစဉ်ထားတဲ့ ဒူးရင်း၊ မင်းဂွတ်သီးတို့ကို လက်ရည်တစ်ပြင်တည်း စားသောက်ကြတာ အလွန်ပျော်စရာ၊ ကြည်နူးစရာကောင်းပါတယ်။ ဘန်ဂလိုရှေ့နားမှာ ဖွင့်ပွဲတက်ရောက်ခဲ့တဲ့ MD သူငယ်ချင်းတွေ၊ ရုံးချုပ်က လူကြီးတွေ၊ ရွှေရောင်ပြ ရာဘာခြံက ဝန်ထမ်းတွေနဲ့ အုပ်စုလိုက်ပုံတွေ ရိုက်ဖြစ်ခဲ့ပါတယ်။

ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် အစွမ်းကုန်ကြိုးစားခဲ့ကြတဲ့ Max Constructionက ဝန်ထမ်းတွေ၊ ဌာနအသီးသီးက ထောက်ပံ့ကူညီမှုတွေကြောင့် နေ့ချင်းညချင်း တစ်ဘဏ်ပြီးတစ်ဘဏ် ကျွန်တော်တို့ ဖွင့်နိုင်ခဲ့ကြပါတယ်။ စပေါင်းညီညာ အောင်ကြောင်းဖြာ ဆိုသလို နွေးထွေးတဲ့မေတ္တာပေးတဲ့ MDရဲ့အရိပ်အောက်မှာ လုပ်ကိုင်နေထိုင်ခွင့်ရတာ ကျွန်တော့်ဘဝရဲ့အမှတ်တရတွေထဲက အမှတ်တရတွေပါပဲ။ Max Myanmarအဖွဲ့ကြီး ဒီထက်ပိုပြီး နိုင်ငံအကျိုး၊ ပြည်သူ့အကျိုး၊ လူမျိုးဘာသာအကျိုးတွေ ဆထက်ထမ်းပိုး သယ်ပိုး ဆောင်ရွက်နိုင်ပါစေလို့ ဆန္ဒပြုပါတယ်။

**သံမျှင်ဦး**


၁၅၊ ၄၊ ၂၀၂၀ (၂၂:၁၅)

၁

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | 5 | | | | 3 | | | |
| 9 | | 6 | | | | | 7 | 8 |
| 3 | | | | 2 | 8 | | | 1 |
| | | | | | | | | 7 |
| | 1 | 3 | 6 | | 2 | 9 | 8 | |
| 8 | | 2 | | | | | 1 | |
| | | 9 | 1 | | | | 3 | |
| 2 | 8 | | | | | | | |
| 7 | | 5 | 2 | | | | 9 | 6 |

၂

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | 9 | 5 | 8 | 6 | | | |
| | | | | 2 | | | | |
| 4 | | | | | | 6 | 8 | 3 |
| 9 | | | 6 | 5 | | | 3 | 2 |
| | 6 | | 7 | | | | 9 | 8 |
| | 3 | | 2 | | | 7 | | 4 |
| | | 3 | | | | | | |
| 6 | 2 | | | 1 | 5 | | 4 | |
| | | | 4 | | | | 5 | |




၃

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| 4 | | | | 5 | | 8 | | 2 |
| | | | 6 | | | | | |
| | | 3 | 4 | | | 1 | 9 | 6 |
| | | | | 7 | 6 | | 8 | |
| | | 9 | | | | | | |
| | | 7 | | | 5 | 6 | | 3 |
| | | | 5 | 1 | 4 | | | |
| | 7 | 4 | 8 | | 9 | | 6 | |
| 1 | | | 3 | | | | 2 | 9 |

၄

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| 4 | | | 1 | | | | | 2 |
| | | | 2 | 8 | | 1 | | 6 |
| | 8 | 1 | 3 | 9 | | | | |
| 9 | 2 | | 4 | | | | 7 | |
| | 5 | 8 | 7 | | | 4 | | |
| 3 | | | | 2 | | | | 1 |
| | | 4 | | | | | | |
| | | | | 7 | 2 | | 8 | |
| 8 | 7 | | | | 9 | 6 | | |




## ကျန်းမာရေးဝန်ထမ်းများ၊ Taxi နှင့်လူနာတင်ယာဉ်များအတွက် Max Energyမှ အထူးဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

ရန်ကုန်၊ ဧပြီ ၂၀

ကျန်းမာရေးဝန်ထမ်းများ၊ လူနာတင်ယာဉ်များနှင့် အခြားကူညီဆောင်ရွက်ပေးသူများ၊ Taxiများအတွက် Max Energy မှထပ်မံ၍ ဈေးနှုန်းလျှော့ချကာ အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ပါသည်။ COVID-19 ကြိုတင်ကာကွယ်ရေးနှင့် ကုသရေးအတွက် စွမ်းစွမ်းတမံဆောင်ရွက်ပေးလျက်ရှိသော ကျန်းမာရေးဝန်ထမ်းများ၊ လူနာတင်ယာဉ်များနှင့် အခြားကူညီဆောင်ရွက်ပေးသူများ သာမက Taxiအငှားယာဉ်များကို ဧပြီလ (၂၀)ရက်နေ့မှစတင်၍ ဧပြီလကုန် (၃၀)ရက်နေ့အထိ Octane 92 RONအား (၂၅၀)ကျပ်ဖြင့်လည်းကောင်း၊ Octane 95 RON အား (၃၀၀)ကျပ်ဖြင့်လည်းကောင်း၊ Diesel အား (၃၀၀)ကျပ်ဖြင့်လည်းကောင်း အထူးဈေးနှုန်းဖြင့် တစ်နိုင်ငံလုံးရှိ Max Energyဆိုင်များတွင် ရောင်းချပေးသွားမည်ဖြစ်သည်။



## ကျိုက်မော်ဝန်း Quarantine Centerမှ စောင့်ကြည့်လူနာများအတွက် လိုအပ်သည်များ Max Energyမှတာဝန်ခံများလှူဒါန်း

ရန်ကုန်၊ ဧပြီ ၂၂

Max Energy၏ Thilawa Oil Terminal မှအုပ်ချုပ်မှုတာဝန်ခံများသည် ဧပြီလ ၂၂ရက် မနက်ပိုင်း၌ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်ကျိုက်မော်ဝန်းဗိမာန်ရှိ (Quarantine Facilitate Center)တွင်ရောက်ရှိနေသည့် COVID-19စောင့်ကြည့်လူနာများအတွက် ကာကွယ်ရေးသုံးပစ္စည်းများနှင့် အလှူငွေများကို တာဝန်ရှိသူများထံသို့ သွားရောက်လှူဒါန်းခဲ့ကြသည်။ စောင့်ကြည့်လူနာများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် လိုအပ်သောကာကွယ်ရေးသုံးပစ္စည်းများဖြစ်ကြသည့် ကာကွယ်ရေးဝတ်စုံ PPE (၁၀)စုံ၊ လက်သန့်ဆေးရည် 5 Liter၊ နှာခေါင်းစည်း Mask (၁၀၀)ခုနှင့် လိုအပ်သောနေရာများတွင် အသုံးပြုနိုင်ရန် အလှူငွေကျပ် ၂သိန်းကို ကျိုက်မော်ဝန်းဗိမာန်ရှိ (Quarantine Facilitate Center) ကိုယ်စားလှယ်များထံ ပေးအပ်လှူဒါန်းခဲ့သည်။





# ကုန်စည်စီးဆင်းမှုမပြတ်လပ်စေရန်နှင့် Covid-19 ကာကွယ်ရေးအတွက် Max Logisticsဂရုပြုပြင်ဆင်

ရန်ကုန်၊ ဧပြီ ၂၃

နိုင်ငံတကာတွင် ပြင်းထန်အဆုတ်ရောင်ရောဂါ Covid-19 ဖြစ်ပွားလျက်ရှိရာ Max Logisticsအနေဖြင့် မြန်မာနိုင်ငံဈေးကွက်အတွင်း ကုန်စည်စီးဆင်းမှုမပြတ်လပ်စေရန်နှင့် ရောဂါပြန့်ပွားမှုမရှိစေရေးအတွက် အထူးဂရုပြုဆောင်ရွက်လျက်ရှိပါသည်။ ကုန်စည်များပို့ဆောင်ရာတွင် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် (၁)ဦးကိုသာ ယာဉ်ပေါ်တွင်လိုက်ပါခွင့်ပြုခြင်းများနှင့် ထိတွေ့မှုမှလျှော့ချနိုင်ရန် သီးခြားကြိုပို့ယာဉ်များကို စီမံထားရှိပါသည်။ ယာဉ်ပေါ်တွင် လက်သန့်ဆေးရည်နှင့် နှာခေါင်းစည်းများထားရှိပေးထားခြင်းများကို ဆောင်ရွက်ထားပါသည်။

ကျန်းမာရေးဝန်ကြီး ဌာနမှထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များကို လိုက်နာရန်၊ ရန်ကုန်မြို့တွင်းမောင်းနှင်ရသည့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်အနေဖြင့် ရုံးတက်၊ ရုံးဆင်းချိန်များတွင် လူအများနှင့်ထိတွေ့မှုမှ လျှော့ချနိုင်ရန် သီးခြားကြိုပို့ယာဉ်များကို စီမံထားရှိပါသည်။

## Daily Wagesဝန်ထမ်းများအား ပံ့ပိုးမှုပြုလုပ်

ရန်ကုန်၊ ဧပြီ ၉ ။ ။ မက်စ်မြန်မာအနေဖြင့်ဝန်ထမ်းများကို လိုအပ်သလို ထောက်ပံ့ကူညီပေးနိုင်ရန် Covid-19အထူးရန်ပုံငွေတစ်ရပ်ကို မတည်ထူထောင်ထားရှိကာဧပြီလ(၈)ရက်မှစတင်၍ကုမ္ပဏီခွဲအသီးသီး၏အနယ်နယ်အရပ်ရပ်မှDaily Wagesဝန်ထမ်းများအတွက် ဆန်၊ ဆီ အစရှိသောအခြေခံစားသောက်ကုန်များ ပံ့ပိုးပေးလျက်ရှိပါသည်။










# ရွှေရောင်ပြရာဘာခြံအတွင်းလူစုလူဝေးမဖြစ်စေရန်နှင့် COVID-19ရောဂါမကူးစက်စေရန် ဆောင်ရွက်

ရန်ကုန်၊ မေ ၂၂

ရွှေရောင်ပြရာဘာခြံအနေဖြင့်အစေးခြစ်လုပ်သားများ အိမ်မှလုပ်ငန်းခွင်သို့ အသွားအပြန်ပြုလုပ်ရာမှတစ်ဆင့် ရောဂါကူးစက်မှုများဖြစ်ပေါ်လာနိုင်သည့်အခြေအနေကို ရှောင်ရှားနိုင်ရန် ရွှေရောင်ပြရာဘာခြံအတွင်း ဝန်ထမ်းများနှင့် လုပ်သားများကို သီးသန့်နေထိုင်စေသည့်ပုံစံဖြင့် စီမံထားရှိပါသည်။ လူစုလူဝေးမဖြစ်စေရန် ဇုန်များခွဲ၍ (၅)ယောက်တစ်စုဖြင့် အစေးခြစ်ခြင်း၊ ရာဘာစေးကြိတ်ရာတွင် တစ်ဆိုင်းလျှင် (၆)ယောက်စီခွဲဝေ၍ လုပ်ငန်းများ ဆက်လက်လည်ပတ်လျက်ရှိသည်။

စားသောက်နေထိုင်ရေးအတွက် အခြေခံစားသောက်ကုန်များကို ဝန်ထမ်းသက်သာဆိုင်များတွင် ရောင်းချပေးသော်လည်း အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်များဝယ်ယူနိုင်ရန် တစ်နေ့တစ်ကြိမ် ဈေးသွားရန်ခွင့်ပြုပေးထားပြီး ပြန်လည်ရောက်ရှိလာပါက ဆေးဖြန်းခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်းနှင့် နှာခေါင်းစည်းတပ်ဆင်ထားမှု ရှိမရှိများကို စစ်ဆေးဆောင်ရွက်ထားပါသည်။

## စက်သုံးဆီဈေးအထူးနှုန်းရောင်းချခြင်း ရက်တိုးမြှင့်

ရန်ကုန်၊ မေ ၃၀ ။ ။ ကျန်းမာရေးဝန်ထမ်းများ၊ ပရဟိတသမားများနှင့်တက္ကစီအငှားယာဉ်များအဆင်ပြေစေရန်ရည်ရွယ်၍Max Energy မှ ဧပြီလ(၂၀)မှစ၍ ၁လီတာဈေးနှုန်းဖြင့်ရောင်းချနေသော Octane 92 (၂၅၀ကျပ်)၊ Octane 95(၃၀၀ ကျပ်)၊ Diesel (၃၀၀ကျပ်)တို့အား မေလကုန်အထိ ရက်တိုးမြှင့်ရောင်းချပေးသွားမည်ဖြစ်သည်။



# ကျေးဇူးတင်စကား ပြောကြားသည်ဆိုရာဝယ်

ဉာဏ်တိုး (Group HR)

အဖွဲ့အစည်းတွေရဲ့ အောင်မြင်ခြင်း သို့မဟုတ် ကျရှုံးခြင်းဟာ အဲဒီဝန်ထမ်းတွေရဲ့ Motivationနဲ့ တိုက်ရိုက် အချိုးညီတယ်ဆိုတာ အတော်များများသိကြပြီး ဖြစ်ပါတယ်။

ဒီလောက်အရေးကြီးတဲ့ Motivationကို အဓိကကြိုးကိုင်တဲ့အရာ(၂)ခုရှိပါတယ်။ ပထမ တစ်ခုကတော့ ငွေအားဖြင့် လုပ်ငန်းခွင်မှာ တက်ကြွစေခြင်း (Financial Motivation)ဖြစ်ပြီး ဒုတိယကတော့ ငွေမပါဘဲ လုပ်ငန်းခွင်မှာ တက်ကြွစေခြင်း(Non-Financial Motivation) တို့ဖြစ်ပါတယ်။

ငွေမပါဘဲ လုပ်ငန်းခွင်မှာ တက်ကြွစေခြင်းဆိုတာ လိုတိုရှင်းပြောရရင်တော့ ချီးမွမ်းစကား၊ ကျေးဇူးတင်စကားပြောကြားခြင်းပါပဲ။ မိမိအိတ်ထဲက စိုက်လိုက်ရတဲ့အရာလည်း မဟုတ်။ သို့သော်...ဝတ်ကျေတန်းကျေပြောတဲ့ ကျေးဇူးတင်စကားမဖြစ်စေရအောင်...

**(၁) စစ်မှန်ရိုးသားသော ကျေးဇူးတင်စကားဖြစ်ဖို့လိုပါတယ်။**

ရိုးသားခြင်းဆိုတာ နေရာတိုင်းမှာ အရေးကြီးဆုံးဖြစ်ပါတယ်။ ဟန်ဆောင်မာန်





လုပ်ပြောခြင်းထက် ရိုးသားစွာပြောခြင်းကို ချီးမွမ်းခံရသူမှ အလွယ်တကူရင်ဘတ်နဲ့ နားလည်ကြပါတယ်။

**(၂) ပွင့်လင်းရဲတင်းစွာပြောပါ။**

ကျေးဇူးတင်စကားပြောဖို့ ရှက်သလိုလို၊ ရွံ့သလိုလိုမလုပ်ပါနဲ့။ မိမိဘက်က ရဲတင်းပွင့်လင်းစွာ ကျေးဇူးတင်ကြောင်း ပြောပါ။

**(၃) ကျေးဇူးတင်စရာအချက်များ ရှာဖွေပါ။**

မိမိက လက်အောက်ငယ်သားကို ကျေးဇူးတင်လိုပါက ကျေးဇူးတင်စရာ အချက်များ၊ လုပ်ဆောင်ချက်များ၊ အောင်မြင်ချက်များ စသည်တို့ကိုရှာဖွေပြီး ကျေးဇူးတင်စကားပြောပါ။

**(၄) နာမည်တပ်ပြီးကျေးဇူးတင်ကြောင်း ပြောပါ။**

အကြီးအကဲဟာ မိမိလက်အောက် ငယ်သားတို့ရဲ့အမည်နာမကို မှတ်မိနေရပါမယ်။ ဒါကြောင့် နာမည်တပ်ပြီး ကျေးဇူးတင်ကြောင်း ပြောရမှာဖြစ်တယ်။

အကယ်၍ မိမိအဖွဲ့အစည်းအတွင်း ကျေးဇူးတင်ရမယ့်သူ အတော်များများရှိနေရင်လည်း ဖြစ်နိုင်ရင် တစ်ဦးချင်းစီကို နာမည်တပ်ပြီး ကျေးဇူးတင်ကြောင်းပြောပါ။

**(၅) သင်ကျေးဇူးတင်သည့်သူအား သေသေချာချာကြည့်ပြီးမှ ပြောပါ။**

မျက်လုံးချင်းဆုံပြီး စကားပြောခြင်း (Eye to eye contact)ဟာ အထိရောက်ဆုံးသော လူမှုဆက်သွယ်ရေးနည်းစနစ်ဖြစ်ပါတယ်။ ဒါကြောင့် ကျေးဇူးတင်ထိုက်သူရဲ့မျက်နှာကို အသေအချာကြည့်ပြီးမှ ကျေးဇူးတင်စကားပြောပါ။ ကျေးဇူးတင်စကား ပြောခံရသူအနေနဲ့ စိတ်ဓာတ်ခွန်အားရှိလာရုံသာမက ရုပ်ပိုင်းဆိုင်ရာခွန်အားတွေပါ တိုးလာတာကို တွေ့လာရတယ်။ ဒါကြောင့် အဖွဲ့အစည်းရဲ့ Managementကို တာဝန်ယူရတဲ့ ဝန်ထမ်းတွေအနေနဲ့ မိမိရဲ့လက်အောက်ငယ်သားတွေရဲ့အဖွဲ့ အစည်းရဲ့Motivation ကို ကျေးဇူးတင်စကားပြောကြားခြင်းနဲ့ မြှင့်တင်ကြပါစို့။

**ညာဏ်တိုး** (Group HR)

## မေလ၌ ဆန်တန်ချိန်၁သိန်းခွဲခန့် ပြည်ပတင်ပို့မည်

ရန်ကုန်၊ ဧပြီ ၂၉ ။ ။ လက်ရှိအခြေအနေတွင် ဆန်စပါးဈေးကွက်သည် ပြည်တွင်းဖူလုံမှုအပြည့်အဝရှိကာ ပြည်ပတင်ပို့မှုကိုလည်း မေလမှစတင်၍ ပုံမှန်အတိုင်းဆောင်ရွက်ပြီး မေလတွင် ဆန်တန်ချိန် ၁သိန်းခွဲခန့်တင်ပို့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထံမှ သိရသည်။ Ref: TheVoice

## အီတလီစီးပွားရေးလုပ်ငန်းများ မေ၄ရက်နေ့၌ ပြန်လည်ဖွင့်လှစ်

ဧပြီ ၂၇ ။ ။ Covid-19ကြောင့် လူသေဆုံးမှုများပြားခဲ့သော အီတလီနိုင်ငံသည် ယခုအခါ သေဆုံးမှုနှုန်းကျဆင်းလာပြီဖြစ်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် ဆောက်လုပ်ရေးလုပ်ငန်းများအား မေလ ၄ရက်နေ့မှစတင်ကာ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ် လည်ပတ်တော့မည်ဖြစ်ကြောင်း အီတလီဝန်ကြီးချုပ်ဂူဆက်စပီကွန်တီက ပြောကြားလိုက်သည်။ ဝန်ကြီးချုပ်က "မေလ ၄ရက်နေ့ကစပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေကနေ ဆောက်လုပ်ရေးလုပ်ငန်းတွေအထိ စီးပွားရေးလုပ်ငန်းတော်တော်များများကို ပြန်လည်ဖွင့်လှစ်နိုင်အောင် ကျွန်တော်တို့ဒီရက်ပိုင်းမှာအလုပ်လုပ်နေကြတယ်။ ပို့ကုန်အဓိကထားတဲ့ကုမ္ပဏီတွေအနေနဲ့ထုတ်လုပ်မှုကွင်းဆက်ပြတ်တောက်မှုနဲ့စီးပွားရေးကျဆင်းမှုအန္တရာယ်လျော့ချနိုင်ဖို့အရေးကြီးပါတယ်"ဟု ဆိုခဲ့သည်။ Ref: DailyMail

## ပြည်တွင်းလေကြောင်းနှစ်လိုင်း မေ ၁ရက်မှ စတင်ပျံသန်း


မေ ၁ ။ ။ ခရီးစဉ်ပျံသန်းခြင်း ခေတ္တရပ်ဆိုင်းထားသည့် ပြည်တွင်းလေကြောင်းလိုင်း ၅ခုအနက် MNAနှင့် Air KBZ လေကြောင်းလိုင်းနှစ်ခု မေလ၁ရက်နေ့မှစတင်ကာ ပျံသန်းမည်ဖြစ်သည်။ Covid-19ကူးစက်ပြန့်ပွားမှုထိန်းချုပ်ရန် တိုင်းအစိုးရအဖွဲ့ညွှန်ကြားချက်အရ သင်္ကြန်ရုံးပိတ်ရက်ကာလမှစတင်ကာ ဧပြီ ၃၀အထိ ခရီးစဉ်ပျံသန်းမှုရပ်ဆိုင်းခဲ့ပြီး ပြည် တွင်းလေကြောင်း လိုင်း ၅ခုအနက် Air KBZ သည် ဧပြီ၁၉ရက်နေ့မှ ဧပြီ၃၀ရက်အထိ ပြည် တွင်းခရီးစဉ်အချို့အားပျံသန်းခဲ့သည်။ MNA သည် ထားဝယ်၊ ဟဲဟိုး၊ ခန္တီး၊ ကျိုင်းတုံ၊ ကျောက်ဖြူ၊ လားရှိုး၊ မန္တလေး၊ မြိတ်၊ မြစ်ကြီးနား၊ စစ်တွေ၊ တာချီလိတ်၊ ဗန်းမော်၊ ကော့သောင်း၊ ကလေး၊ လွိုင်ကော်၊ မိုင်းဆတ်၊ နေပြည်တော်၊ ညောင်ဦး၊ သံတွဲနှင့် အမ်းမြို့တို့ကို ပျံသန်းမည်ဖြစ်သည်။ Ref: EMG

## ကိုဗစ်ကုသရန်စက်ရုပ်များ TUတက္ကသိုလ်များတီထွင်

ရန်ကုန်၊ မေ ၁ ။ ။ Covid-19 ပြန့်ပွားမှုကိုကာကွယ်ရန် ကုသရေးဆေးရုံသုံးစက်ရုပ်များကို ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မန္တလေးနည်းပညာတက္ကသိုလ်တို့က တီထွင်ပြုလုပ်ပေးခဲ့သည်။ တွန်းလှည်းစက်ရုပ်(TR 201)ကို YTUက တီထွင်ပေးခဲ့ခြင်းဖြစ်ပြီး ကွန်တိန်နာစက်ရုပ်(CR 201)ကိုမူ MTUက တီထွင်ပေးခဲ့သည်။ Ref:Irrawaddy



## ပရိသတ်များ ကွင်းအတွင်းပြန်လည်ကြည့်ရှုခွင့်ရမည့် အချိန် ကြာမြင့်နိုင်ကြောင်း FAဥက္ကဋ္ဌ သုံးသပ်ပြောကြား



မေ၊ ၅

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(FA)ဥက္ကဋ္ဌဂရက်ကလက်ခ်က Social Distancing စည်းမျဉ်းကြောင့် ပရိသတ်များ ဘောလုံးကွင်းအတွင်း ပြန်လည်ကြည့်ရှုခွင့်ရမည့်အချိန်မှာ ကြာမြင့်နိုင်ကြောင်း သုံးသပ်ပြောကြားသည်။

ပရီးမီးယားလိဂ်အပါအဝင် အင်္ဂလန်ပြည်တွင်းဘောလုံးပွဲများကို ဇွန်လဆန်းတွင် ပရိသတ်မပါဘဲ ကွင်းပိတ်ကစားနိုင်ရန် ကြိုးပမ်းလျက်ရှိသလို လာမည့် ၂၀၂၀-၂၁ရာသီကိုလည်း ကွင်းပိတ်ဖြင့်သာ ကျင်းပရနိုင်ကြောင်း စိုးရိမ်မှုများရှိနေစဉ် FAဥက္ကဋ္ဌက ယင်းကဲ့သို့ ပြောကြားခြင်းဖြစ်သည်။ "ဘယ်လိုတွေဆက်ဖြစ်မလဲဆိုတာ ကျွန်တော်တို့ မသိနိုင်သေးပါဘူး။ Social Distancingစည်းမျဉ်းကို အချိန်ကာလတစ်ခုအထိ လိုက်နာရမှာဖြစ်လို့ ဘောလုံးလောကတစ်ခုလုံးရဲ့ ဂေဟစနစ်ကို အပြောင်းအလဲတွေ အများကြီးလုပ်ရဖို့ရှိပါတယ်။ ဥပမာပြောရရင် ပရိသတ်တွေကို ကွင်းထဲမှာ ဘယ်အချိန် ပြန်မြင်ရမလဲဆိုတာ ပြောဖို့တော်တော်ခက်ပါတယ်"ဟု ၎င်းက ပြောကြားခဲ့သည်။ Ref:EMG

## ဥရောပထိပ်သီးလိဂ်ပြိုင်ပွဲများ ပြန်စတင်နိုင်ရန် သက်ဆိုင်ရာ ဘောလုံးအဖွဲ့ချုပ်များ ကြိုးစားနေ

မေ ၃



ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် ရပ်နားထားရသည့် ပရီးမီးယားလိဂ်နှင့် လာလီဂါပြိုင်ပွဲများကို ဇွန်လပထမပတ်၊ ဘွန်ဒက်စ်လီဂါနှင့် စီးရီးအေပွဲစဉ်များကို မေလ ပထမပတ်အတွင်း ပြန်လည်စတင်နိုင်ရန် စီစဉ်နေကြောင်း သိရှိရသည်။ ရောဂါကူးစက်မှုမရှိစေရန် စီမံဆောင်ရွက်မှုများအပါအဝင် ကွင်းပိတ်ပွဲစဉ်များဖြင့် လက်ကျန်ပွဲများကို ကစားသွားရန် သက်ဆိုင်ရာဘောလုံးအဖွဲ့ချုပ်များမှ ကြိုးစားဆောင်ရွက်နေကြောင်း သိရှိရသည်။

## ယခုရာသီ ပြန်မကစားနိုင်လျှင် ပရိဘောလုံးလောက ပျောက်သွားနိုင်သည်ဟု LFPဥက္ကဋ္ဌသတိပေး

မေ ၃




လာလီဂါအဖွဲ့ချုပ် (LFP) ဥက္ကဋ္ဌတီဘက်စ်က ကိုရိုနာဗိုင်းရပ်စ်ကပ်ဘေးကြောင့်ရပ်နားထားရသည့် ယခုရာသီဘောလုံးပြိုင်ပွဲများကို ပြန်ကစားနိုင်ခြင်းမရှိပါက ပရော်ဖက်ရှင်နယ်ဘောလုံးလောကပျောက်ကွယ်သွားနိုင်သည်ဟု သတိပေးပြောကြားခဲ့သည်။ ၎င်းက"အရေးကြီးတဲ့ စီးပွားရေးလုပ်ငန်းတွေကို ပြန်လည်မစတင်နိုင်ဘူးဆိုရင် အဲဒီလုပ်ငန်းတွေဟာပျောက်ကွယ်သွားနိုင်ပြီး ပရိဘောလုံးလောကလည်း ဒီလိုရင်ဆိုင်ရနိုင်ပါတယ်"ဟု ဆိုခဲ့သည်။ Ref:EMG

# မြန်မာနိုင်ငံအတွင်းသို့ဝင်ရောက်လာသူများအတွက် Covid-19ရောဂါနှင့်ပတ်သက်သော ကျန်းမာရေးဆိုင်ရာသတိပေးအချက်အလက်များ

*ကိုရိုနာဗိုင်းရပ်စ်ရောဂါ Covid-19ဖြစ်ပွားရာဒေသမှ ပြန်လာသူများအနေဖြင့် –*

- ဒေသဆိုင်ရာအုပ်ချုပ်ရေးဌာန (သို့မဟုတ်) ကျန်းမာရေးဌာနသို့ မဖြစ်မနေ သတင်းပို့ပါ။
- ပြန်လည်ရောက်ရှိပြီး ၂၁ရက်အတွင်း အသွားအလာကန့်သတ်ခြင်းခံနေရသူများနေထိုင်ရန်အတွက် သီးခြားသတ်မှတ်နေရာဖြစ်သော (Quarantine Center)တွင်သာ နေထိုင်ပါ။ ထို့နောက် ပိုမိုစိတ်ချရစေရန် နောက်ထပ် ၇ရက် မိမိအိမ်တွင်သာနေပါ။




- အခြားသူများနှင့် ရင်းနှီးစွာ ပူးကပ်နေထိုင်ခြင်းမပြုရပါ။ သီးသန့်ခွဲခြားနေထိုင်ပါ။

- သီးခြားသတ်မှတ်ထားသော ၂၁ရက်တာကာလအတွင်း ပြင်ပသို့ လုံးဝသွားလာခြင်းမပြုရ။
- လူစုလူဝေးနှင့် လူထူထပ်သောနေရာများသို့ လုံးဝ(လုံးဝ)သွားလာခြင်း မပြုရ။
- အတူနေထိုင်သူများနှင့် အနည်းဆုံး ၆ပေအကွာတွင် နေထိုင်ပါ။ စုပေါင်းစားသောက်ခြင်းအား လုံးဝရှောင်ကြဉ်ပါ။
- မိမိ၏အသုံးအဆောင်ပစ္စည်းများ (ဥပမာ– အဝတ်အထည်၊ ပန်းကန်ခွက်ယောက်များ)ကို သီးခြားထားရှိအသုံးပြုပါ။



**သင့်အား သီးခြားသတ်မှတ်နေရာများ(Quarantine Center)တွင် ထားရှိ၍ ၂၁ရက်တာအတွင်း အသွားအလာကန့်သတ်ခြင်းနှင့် ပိုမိုစိတ်ချရစေရန် နောက်ထပ်(၇)ရက် အိမ်တွင်နေထိုင်စေခြင်း လုပ်ငန်းများကို အပြည့်အဝပူးပေါင်းဆောင်ရွက်ပါ။**

ကိုးကား ~ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန